# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)

## ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည်ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင်၍ အာဏာတည် စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ကုန်းလမ်းဖြင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက စီးပွားရေး အလို့ငှာ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တစ်စီးကိုသော်လည်းကောင်း၊ တစ်စီးထက်ပို၍သော်လည်းကောင်း အသုံးပြု၍ သယ်ယူ ပို့ဆောင်သောလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်ဦးတစ်ယောက်သောသူကဆောင်ရွက်သော ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်သောလုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးကိစ္စအလို့ငှာ အများပြည်သူသွားလာသည့်လမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေးအတွက် စက်အား၊ လျှပ်စစ်အား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးကို အသုံး ပြု၍ မောင်းနှင်သော မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ဆွဲငင်သော မော်တော်ယာဉ်၊ ဝန်ဆွဲမော် တော်ယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ ကုန်းလမ်းတွင် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တစ်မျိုးမျိုးဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(င) **ဒေသဆိုင်ရာသဘောတူစာချုပ်**ဆိုသည်မှာ နိုင်ငံတော်ကစာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်သော ဒေသအ တွင်း ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များနှင့် ပရိုတိုကော လ်များ ပါဝင်သည်။

(စ) **စာချုပ်ဝင်နိုင်ငံ**ဆိုသည်မှာ ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ဆ) **အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ်**ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

(ဇ) **ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ် အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကြိုတင်၍ သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှုမရှိသည့်အပြင် ဖြစ်ပေါ်လာသောအကျိုးဆက်ကို ကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှုမပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့ မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရသော အခြေအနေကို ဆိုသည်။

(ဈ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသား ကို ဆိုသည်။

(ည) **ခွင့်ပြုချက်**ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ် ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုး လုံးကိုဖြစ်စေ ယာဉ်ဖြင့်ဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဋ) **အခကြေးငွေ**ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက် တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက် ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

(ဌ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေးအမျိုးသားကော်မတီကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာနကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကိုဆိုသည်။

(ထ) **ခရိုင်ဦးစီးဌာန**ဆိုသည်မှာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဒ) **မြို့နယ်ဦးစီးဌာန**ဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဓ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန** ဆိုသည်မှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင် ရေးညွှန် ကြား မှုဦးစီးဌာနကို ဆိုသည်။

Myanmar Law Information System (MLIS)

## အခန်း(၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအ တွက် စနစ်တကျကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှုတိုးတက်စေရန်အတွက် ပု ဂ္ဂလိက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများစနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ နှင့် အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်။

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေနိုင်သည့်အ ကြောင်းများလျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်နိုင်ရန်။

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ချောမွေ့စွာဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် အမျိုးသားကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

(၅) ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အဖွဲ့ဝင်

(၆) ဒုတိယဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အဖွဲ့ဝင်

(၇) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(၈) ဒုတိယဝန်ကြီး ဘဏ္ဍာရေးဝန်ကြီးဌာန အဖွဲ့ဝင်

(၉) ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဖွဲ့ဝင်

(၁၀) ဒုတိယဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ အဖွဲ့ဝင်

(၁၂) သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ အဖွဲ့ဝင်

(၁၃) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူပညာရှင်များ အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အတွင်းရေးမှူး

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ဘေး အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လွယ်ကူချောမွေ့စွာ အဆင်ပြေရေးတို့အတွက် မူဝါဒများချမှတ် ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေရေး စနစ်တကျ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များချမှတ်ပြီး ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေး အဖွဲ့ များဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သောလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အောင်မြင်စွာ ဆောင်ရွက်ရန် အလို့ငှာ ကုန်း လမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအား တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့် ဆည်းဆောင်ရွက်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်း ရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးတို့အ တွက် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကုန်စည်နှင့် ခရီးသည်များအား လိုအပ်သောနေရာဒေသသို့ လိုအပ်သောအချိန်ကာလအတွင်း လို အပ်သော အရေအတွက်ရောက်ရှိစေရေး၊ သွားလာလွယ်ကူမှုအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ် အပါအဝင် အများပြည်သူအကျိုးငှာ အခြားအရေးပေါ်ကိစ္စများတွင် အသုံး ပြုရန် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများက တာဝန်ပေးအပ်လာသည့်အခါ သယ်ယူပို့ဆောင်ရေး မော် တော်ယာဉ်များကို တာဝန်ပေးအပ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေး ခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များ ညှိနှိုင်းသတ် မှတ်ခြင်း၊ အထူးသဖြင့် မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်ဂိတ်များ၊ မော်တော်ယာဉ်အသင်းများ၊ ခရီးစဉ်များ၊ သွားလာမည့်ခရီးစဉ်အရေအတွက်၊ ကုန်စည်ဂိတ်များ၊ ကုန်တင်ကုန်ချ ပြုလုပ်ရန်နေရာများ နှင့်ဒေသများ၊ ခရီးသည်နှင့်ကုန်စည်သယ်ဆောင်ခနှုန်းထားများသတ်မှတ်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(ဇ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေစေရေးနှင့်မော်တော်ယာဉ်အ န္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန်လိုအပ်သည့် အဖွဲ့အစည်း များကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ ယင်းအဖွဲ့များ၏ ဆောင်ရွက်မှုကို ကြီးကြပ် ကွပ်ကဲခြင်း၊

(ဈ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွယ်ကူချောမွေ့ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရန် ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဒေသအတွင်းရှိ အ ခြားစာချုပ်ဝင်နိုင်ငံများနှင့်ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်ကျော်ကုန်း လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လမ်းညွှန်မှုပေးခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအား လျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးခြင်း။

## အခန်း (၄)

## ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ် ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီဖွဲ့စည်း ခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

Myanmar Law Information System (MLIS)

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာ န၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်း ကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်းပါဝင်သည့် ကုန်း လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော် မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်း နိုင်သည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်း တာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်။

၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန် ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကျွမ်းကျင်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်သည့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်း ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထား ရမည်။

Myanmar Law Information System (MLIS)

## အခန်း(၅)

## ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ

၁၁။ အမျိုးသားကော်မတီသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီး ကြပ်ကွပ်ကဲရန် ဒေသဆိုင်ရာ

ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိ နှိုင်းဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ ဦးစီးဌာနမှ တာဝန်ခံအရာရှိကို ယင်းဒေသ ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များသည် မိမိ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ထား သည့်ကာလအပိုင်းအခြားအတိုင်း အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်သွင်းရမည်။

## အခန်း(၆)

## လုပ်ငန်းလိုင်စင်ဆိုင်ရာ ကိစ္စရပ်များ

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည်-

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်စည်ပျက်စီးမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုအတွက် လုံလောက်စွာ ပေးလျော်နိုင်စွမ်းရှိသူ ဖြစ်ရမည်။

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ သတ်မှတ်ထားသည့် လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်စည်းမျဉ်း စည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက်စာရင်းထည့်သွင်းခံထားရသူမဖြစ်စေရ။

(ဃ) ထောင်ဒဏ်ကျခံနေရသူ မဖြစ်စေရ။

(င) သက်ဆိုင်ရာ တရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူမဖြစ်စေ ရ။

## အခန်း (၇)

## ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း

၁၄။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ် အခြေအနေနှင့် လိုအပ်ပါက သင့်လျော်သော ခရိုင်နှင့် မြို့နယ်ဦးစီးဌာနတို့ကို လုပ်ငန်းလိုင်စင် ထုတ်ပေးပိုင်ခွင့်နှင့် စီမံခန့်ခွဲရေးအရ အရေးယူပိုင် ခွင့်တို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူသည် ပုဒ်မ ၁၃ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရရှိရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။



Myanmar Law Information System (MLIS)

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ခြင်းဖြစ်လျှင် လုပ်ငန်းလိုင်စင်ရ ရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှတစ်ဆင့် ဦးစီးဌာနသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထား သည့် ခရိုင် သို့မဟုတ်မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က) အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ် ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့်မော်တော်ယာဉ်အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်း လိုင်စင်ကို ထုတ်ပေးရမည်။

၁၇။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ် ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းလိုင်စင်အမျိုးအစားနှင့် သယ်ယူပို့ဆောင်မည့်မော်တော်ယာဉ် အလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၈။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ၎င်း၏ဆန္ဒအရ လုပ်ငန်းလိုင်စင်သက်တမ်းကို တစ်နှစ်မှ သုံးနှစ်အထိ လျှောက်ထားနိုင်သည်။

၁၉။ လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သယ်ယူပို့ဆောင်မည့်ခရီးသည်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကိုလည်းကောင်း၊ ကုန်စည်အ တွက် ကုန်းလမ်းကုန်ပစ္စည်းအာမခံကိုလည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ထားရှိပြီးဖြစ်ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြုသည့် မော်တော် ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုသော်လည်းကောင်း၊ လုပ်ငန်းလိုင်စင်အရ အသုံးပြု သည့်မော်တော်ယာဉ်ကိုသော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါ က သတ်မှတ်ထားသည့် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသို့လည်းကောင်း၊ ဦးစီးဌာ နက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသို့လည်းကောင်းသတ်မှတ်ချက်များ နှင့်အညီ လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင် ရေးလုပ်ငန်းအတွက် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏လမ်းညွှန်ချက်နှင့်အညီ-

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက် ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြု ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) ပုဒ်မခွဲ(က) အရ  လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ်ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

၂၂။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက် ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ခွင့်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခွင့်ပြု  ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ် ခြင်းကို လျှောက်ထားသူသို့ ပြန်လည်အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

၂၃။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနကလွှဲအပ် တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ မိမိ၏သဘောဆန္ဒအရ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ-

(က) အရေးတကြီး သို့မဟုတ် အထူးလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စီမံထားရှိရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရန် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ထက် မပိုသောကာလအတွက် အများဆုံးသုံးကြိမ်အထိ ယာယီခွင့်ပြုလက် မှတ် ထုတ်ပေးနိုင်သည်။ ထိုသို့ ထုတ်ပေးခြင်းသည် လုပ်ငန်းလိုင်စင် ထုတ်ပေးရန်အကြောင်းဖြစ်သည်ဟု မမှတ်ယူရ၊

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်နည်းလမ်းတကျတင်သွင်းသည့် လျှောက်လွှာကို စိစစ်ရာ ၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ရပ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင် ရွက်ရန် ရက်ပေါင်း ၃၀ ရက်ထက် မပိုသောကာလအတွက် တစ်ကြိမ်သာ ယာယီခွင့်ပြုလက်မှတ် ထုတ် ပေးနိုင်သည်။

၂၄။ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လာပါက လုပ်ငန်းလိုင်စင် ရပ်စဲစေရမည်-

(က) လုပ်ငန်းလိုင်စင်ရရှိထားသူက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လို မှု မရှိတော့ကြောင်း လျှောက်ထားခြင်း၊

(ခ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးခြင်း။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနနှင့် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် နှင့် မြို့နယ်ဦးစီးဌာနတို့သည် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက် မှုအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အစီရင်ခံရမည်။

## အခန်း(၈)

## နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း

၂၆။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုသို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည်-

(က) ပုဒ်မ ၁၃ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသူ ဖြစ်ရမည်။

(ခ) နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ငန်းလုပ်ကိုင်လျှင် မြန်မာနိုင်ငံသားသည် မတည်ငွေရင်း၏ ထက်ဝက် ကျော်ကို ပိုင်ဆိုင်ရမည့်အပြင် စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံခြားသားထက် ပိုမို၍ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

(ဂ) နိုင်ငံတော်၏ နယ်စပ်ကိုဖြတ်ကျော်၍ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန် စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် အတွေ့အကြုံရှိသူနှင့် လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်တွင်းနှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာရမည်။

၂၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၂၆ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပြီး နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင်ရရှိရန် ဦး စီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

၂၈။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၇ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ခကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၂၉။ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပြည် တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာဉ်ဖြင့်ဝင်ရောက်ရန်ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့်ဖြတ်သန်း၍ သယ်ယူပို့ဆောင်ရန် ရှိလျှင်သော်လည်းကောင်း အောက်ပါကိစ္စများမှအပ ခွင့်ပြုချက်ရရှိရန် နယ်စပ်ဖြတ်ကျော်ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) ကိုယ်ပိုင်ကိစ္စအတွက် သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း မိခင်စာချုပ်ဝင်နိုင်ငံက သက်သေခံလက် မှတ်ထုတ်ပေးထားခြင်း၊

(ခ) စီးပွားရေးကိစ္စအတွက် ပြေးဆွဲခြင်းမဟုတ်သည့် မော်တော်ယာဉ်၊

(ဂ) အသုဘ ပို့ဆောင်ခြင်း၊

(ဃ) လူနာတင်မော်တော်ယာဉ်၊ မီးသတ်ယာဉ်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးမော်တော်ယာဉ် ဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများမှလည်းကောင်း အရေးပေါ် အကူ အညီပေးခြင်းလုပ်ငန်းများ။

၃၀။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည်-

(က) ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကို ဆောလျင်စွာစိစစ်၍ မိမိနိုင်ငံအတွင်းရှိ နယ်စပ်စစ်ဆေးရေး စခန်းတွင် စစ်ဆေးခြင်းများပြုလုပ်ပြီး စာချုပ်ဝင်နိုင်ငံတစ်ခုအတွက် ခွင့်ပြုချက်ထုတ်ပေးနိုင်သည့် ခရီး သည်နှင့် ကုန်စည်သယ်ယူပို့ဆောင်သော ခွဲတမ်းခေါက်ရေ (Quota) မကျော်လွန်ပါက သတ်မှတ်ထား သည့်ပုံစံဖြင့် တစ်နှစ်ထက်မပိုသော ကာလအထိ စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေး နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးနိုင်ရန် မိမိနိုင်ငံအတွင်း၌ နယ်စပ်စစ်ဆေးရေးစခန်းဖွင့်လှစ်ထားရှိရမည်။ ထိုသို့ ဖွင့်လှစ်ထားသည့် နယ်စပ်စစ်ဆေးရေးစခန်းတွင် စစ်ဆေးရေးအဖွဲ့တာဝန်ကျသူများက နယ်စပ် ဖြတ်ကျော်၍ ဝင်ရောက်လာသည့်လူများ၊ ကုန်စည်များနှင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ကို တစ် ပြိုင်နက်တည်း တစ်ချိန်တည်း စစ်ဆေးစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် နယ်နိမိတ်ချင်းဆက်စပ်နေသော စာချုပ်ဝင်နိုင်ငံနှစ်နိုင်ငံစစ်ဆေး ရေးအဖွဲ့များက ပူးတွဲ၍ စစ်ဆေးစေရမည်။ ထိုသို့ စစ်ဆေးရာတွင်မိမိနိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များ ကို အခြားစာချုပ်ဝင်နိုင်ငံသို့ ထွက်ခွာခွင့်နှင့် အခြားစာချုပ်ဝင်နိုင်ငံ၏ စစ်ဆေးရေးအဖွဲ့ဝင်များကို ပြည်တွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။



Myanmar Law Information System (MLIS)

(ဃ) ခွင့်ပြုချက် ထုတ်ပေးနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ဝင်များဖြင့် စစ်ဆေးရာတွင် လွယ်ကူချော မွေ့အဆင်ပြေရေးနှင့် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ၊ အဟန့်အတားများမရှိစေရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရမည်။

(င) နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း ပြေးဆွဲ ခြင်း ရှိ မရှိ၊ ခရီးသည်နှင့် ကုန်စည်အတင်အချပြုလုပ်ခြင်း ရှိမရှိ၊ သတ်မှတ်ထားသည့် အချိန်ဇယားအ တိုင်း သွားလာခြင်း ပြန်လည်ထွက်ခွာခြင်း ရှိမရှိ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် ကြီး ကြပ်ကွပ်ကဲခြင်း ပြုလုပ်ရမည်။

(စ) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား တရားဝင်ထုတ်ပေး ထားသော လုပ်ငန်းလိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုပြီး ပြည်တွင်းသို့ လွတ်လပ် စွာ ဝင်ရောက်ခွင့်ပြုရမည်။

(ဆ) ပြည်ပမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ အခြားစာ ချုပ်ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်သည့် ကုန်စည်များအတွက် အခြားအခွန်အခများမှအပ အကောက်ခွန် ကင်းလွတ်ခွင့်ပြုရမည်။

(ဇ) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် ကုန်စည်များ အတွက် အကောက်ခွန်နှင့် အခြားအခွန်အခများကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံရမည်။

၃၁။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်မောင်းနှင့် ယာဉ်အကူများသည် ၎င်းတို့၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် သို့မဟုတ် အပြည်ပြည် ဆိုင်ရာခရီးသွားလက်မှတ်ကို ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ဒေသဆိုင်ရာ သဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် ဗီဇာ သို့မဟုတ် အနည်းဆုံးတစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့်ဗီဇာထုတ်ပေးရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။

၃၂။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဒေသဆိုင်ရာ သဘောတူစာချုပ်အရဖြစ် စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်းပြီး လျှောက်ထားသူအား ဗီဇာ သို့မဟုတ် အနည်းဆုံးတစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့်ဗီဇာ ထုတ်ပေးနိုင်သည်။

၃၃။ ပြည်ပမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍-

(က) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင်သက်သေ ခံလက်မှတ်ကို မော်တော်ယာဉ်နှင့်အတူ သယ်ဆောင်ထားရှိရမည်။ ထို့ပြင် မှတ်ပုံတင်နံပါတ်ပြားကို သယ် ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ ရှေ့နှင့်နောက်တွင် တပ်ဆင်ထားပြီး မှတ်ပုံတင်ထားသည့် နိုင်ငံ၏ အမှတ်အသားကို သိသာထင်ရှားအောင် ပြသထားရမည်။

Myanmar Law Information System (MLIS)

(ခ) သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်သည် နိုင်ငံတော်က သတ်မှတ်ထားသော မော်တော်ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ မီးခိုးထုတ်လွှင့်မှုနှင့် လေထုညစ်ညမ်းမှုစံချိန်စံညွှန်းများ နှင့် မော်တော်ယာဉ် ဝန်တင်ခံနိုင်ရည် အလေးချိန်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ဂ) အခြားစာချုပ်ဝင်နိုင်ငံက ထုတ်ပေးသည့် မော်တော်ယာဉ်မှာ ကြံ့ခိုင်ကောင်းမွန်ကြောင်းစစ်ဆေးထားသည့် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါရှိရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသည့် စစ်ဆေးရေးအဖွဲ့သည် ထိုမော်တော်ယာဉ်စစ်ဆေးခြင်း လက်မှတ်ကို အသိအမှတ်ပြုရမည်။

(ဃ) ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ပိုင်ရှင်သည် ထိုမော်တော် ယာဉ်အတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ သူတစ်ပါးထိခိုက်မှု အာမခံထားရှိရမည်။

(င) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိမော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်မှာ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ထိုမော်တော်ယာဉ်အတွက် ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၄။ ပြည်တွင်းမှနယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံအတွင်းသို့ သယ်ယူပို့ဆောင်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့် စပ်လျဉ်း၍မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့်သက်ဆိုင်ရာတာဝန်ရှိ သူတို့သည် ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များကို အပြန်အလှန် အသိအမှတ်ပြု လိုက်နာဆောင်ရွက်ရမည်။

၃၅။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ယာဉ် မောင်းနှင့် ယာဉ်အကူတို့သည်-

(က) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် သို့မဟုတ် အ ပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်ကို ယာဉ်မောင်းနှင့်အတူ တစ်ပါတည်းပါရှိရမည်။

(ခ) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်အကူလက်မှတ်ကို ယာဉ်အကူနှင့် အတူ တစ်ပါတည်းပါရှိရမည်။

(ဂ) မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

၃၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်ဆောင်ထားသည့် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်တို့ကို စိစစ်ပြီး ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၇။ ဒေသဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ နိုင်ငံတော်၏ နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၊ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့ သည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း များ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်-

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊

(ခ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊

(ဂ) ပုပ်သိုးပျက်စီးလွယ်သောကုန်စည်များ သယ်ယူပို့ဆောင်ခြင်း၊

(ဃ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်ဆောင်ရွက်ခြင်း၊

(င) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ခရီးသည်များ နယ်စပ်ဖြတ် ကျော် ဝင်ရောက်ခြင်း၊

(စ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခြင်းနှင့် ပြည်တွင်းအကောက်ခွန်ရှင်းလင်းခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် အချက်ပြစနစ်များ၊

(ဇ) သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ ယာယီတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဈ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင် ထုတ်ပေး ခြင်း၊

(ည) ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဋ) လမ်း၊ တံတားဒီဇိုင်းနှင့် ဆောက်လုပ်ရေး စံချိန်စံညွှန်းများ၊ အဆင့်အတန်း၊ အသေးစိတ်ဖော်ပြချက် များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊

(ဌ) နယ်စပ်ဖြတ်ကျော်ခြင်းနှင့်စာချုပ်ဝင်နိုင်ငံမှတစ်ဆင့်ဖြတ်သန်းရာတွင် လွယ်ကူအဆင်ပြေစေခြင်း နှင့်ဝန်ဆောင်မှုပေးခြင်း၊

(ဍ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထက်ပို၍ သယ်ယူပို့ဆောင်ရာတွင် လျော်ကြေးပေး လျော်ရန် တာဝန်၊

(ဎ) ကွန်တိန်နာအပေါ် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ဏ) ကုန်စည်အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းစနစ်၊

(တ)ယာဉ်မောင်းလိုင်စင်အတွက် လိုအပ်ချက်များ၊

(ထ) နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ အဝင်အထွက်ဂိတ်သတ်မှတ်ခြင်းနှင့် လမ်းကြောင်း သတ်မှတ်ခြင်း၊

(ဒ) နိုင်ငံဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရာတွင် ကောက်ခံမည့် အခကြေးငွေများ၊

(ဓ) နိုင်ငံဖြတ်ကျော်၍ မော်တော်ယာဉ်ဝင်ထွက်နိုင်သည့် ခါက်ရေအကြိမ်၊ စီးရေ၊ ဝန်ဆောင်မှုပေးနိုင် သည့် စွမ်းအား၊ ခွင့်ပြုချက်ပေးနိုင်သည့်ခွဲတမ်း အရေအတွက်။

**အခန်း(၉)**

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် ပေးရန်တာဝန်ရှိမှုများ**

၃၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကို တာဝန်ယူ၍ ပို့ဆောင်ရန်လက်ခံသည့် အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ပြီးသည့်အချိန်အထိ ထိုကုန်စည်အတွက် တာဝန်ရှိသည်။

၃၉။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်အ တွင်း မိမိ၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်း ကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့်



Myanmar Law Information System (MLIS)

ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ ပြု လုပ်မှုနှင့်

ပျက်ကွက်မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင်ပြုလုပ်မှုနှင့် ပျက်ကွက်မှုဖြစ်ဘိသ ကဲ့သို့ တာဝန်ရှိစေရမည်။

၄၀။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ကုန်စည်ကို လက်ခံသည့်အခါ အရေအတွက်၊ အလေးချိန်နှင့်မြင်သာသည့်ကုန်စည်အခြေအနေတို့ ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ကုန်ပို့လွှာတွင် ရေးမှတ်ရမည်။ ထိုသို့ စစ်ဆေးတွေ့ရှိချက်ကို ရေးမှတ်ခြင်း မပြုပါက ကုန်စည်မှာ ကောင်းမွန်သည့် အခြေအနေတွင်ရှိသည်ဟု မှတ်ယူရမည်။

(ခ) ကုန်ပို့လွှာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အသေးစိတ် အချက်များ ပါရှိစေရမည်။

(ဂ) ကုန်ပို့လွှာတွင် လက်မှတ်ရေးထိုးပြီး ကုန်ပို့လွှာ၃ စောင်ပြုစုရမည်။ ပထမမူရင်းကုန်ပို့လွှာ ၁ စောင် ကို ကုန်စည်အပ်နှံသူသို့လည်းကောင်း၊ မူရင်းခွဲကုန်ပို့လွှာ ၁ စောင်ကို ကုန်စည်များနှင့်အတူ တစ်ပါ တည်း ကုန်စည်ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်သို့လည်းကောင်း၊ ဒုတိယမူရင်းခွဲကုန်ပို့လွှာ ၁ စောင်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသို့လည်းကောင်းပေးရမည်။

(ဃ) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်မပါရှိလျှင် ကုန်စည်အပ်နှံသူ၏ အခွင့်အရေးအရ ၎င်း၏ ကုန်စည်ကို စီမံခန့်ခွဲပိုင်ခွင့်၊ လမ်းခရီးတွင် ရပ်တန့်ခွင့် သို့မဟုတ် အခြားကုန်စည်လက်ခံသူသို့ ပြောင်း လဲပေးပို့ခွင့်ကို အသိအမှတ်ပြုရမည်။

(င) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်ပါရှိပါက မူလကုန်စည်တင်ပို့ရာနေရာသို့ ပြန်ပို့ခွင့် သို့မ ဟုတ် အခြားခရီးစဉ်သို့ ပြောင်းလဲခွင့်နှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၁။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ကုန်စည်သယ်ယူပို့ဆောင်ရေး ပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့် အချိန်မှစ၍ မိမိကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရာတွင်ဖြစ်စေ၊ မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် က ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များ ပျက်စီးမှု၊ ဆုံးရှုံးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ပျက်စီးမှု၊ ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင်သော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တွင်သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေအထောက်အ ထား မတင်ပြနိုင်လျှင် ယင်းပျက်စီးဆုံးရှုံးမှုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပို့ရမည့်အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုဘဲ ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ် လာသည့် ပျက်စီးဆုံးရှုံးမှုအတွက် တာဝန်မရှိစေရ။

၄၂။ ကုန်စည်ကို လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ရန် သဘောတူထားသည့်နေ့တွင်သော်လည်း ကောင်း၊ ထိုသို့သဘောတူထားခြင်းမရှိခဲ့လျှင် ကုန်စည်ကို စတင်လက်ခံသည့်နေ့မှ ရက်ပေါင်း ၆၀ အ တွင်း သော်လည်းကောင်း လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ခြင်းမပြုနိုင်ဘဲ နှောင့်နှေးကြန့်ကြာမှုဖြစ် ပေါ်လျှင် အခြားဆန့်ကျင်ကွဲလွဲသည့်

Myanmar Law Information System (MLIS)

သက်သေအထောက်အထားမရှိပါက ကုန်စည်ကို တောင်းဆိုပိုင်ခွင့် ရှိသူသည် ယင်းကုန်စည်ကို ပျောက်ဆုံးသည့်ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၄၃။ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁ ပုဒ်မခွဲ (က) တို့တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ သယ်ယူပို့ ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည်  ကုန်စည်နှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါ ကုန်စည်ဆုံး ရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ် စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ)ကုန်စည်ကို ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်းပြုလုပ်ရာ တွင် မပြည့်စုံမှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ် စားလှယ်က ပေါ့ဆစွာ ကုန်စည်ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သို လှောင် ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု၊ ကုန်စည်၏ ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မမြင် သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့်ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု အပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ ပေါ်ပေါက်မှု။

၄၄။ ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် လျော်ကြေး သတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် အချိန်ကာလတို့တွင်တည် ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာ နှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်၏ကာလတန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၄၅။ ကုန်စည်ကိုလျော့၍ ပေးအပ်မှု သို့မဟုတ် ကုန်စည်ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍-

(က) ပြည်တွင်း ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင် သူက ပေးလျော်ရမည့်လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် သတ်မှတ်သည့် အတိုင်း ဖြစ်စေရမည်။

(ခ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး  လုပ်ငန်းအတွက် ပေးလျော်ရမည့်လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင်   သတ်မှတ်ထားသည့် အများဆုံးပေးလျော်ရမည့် အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ပမာဏထက်ပို၍ ပေးလျော်ရန် တာဝန်မရှိစေရ။

၄၆။ ကုန်စည်လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသပျောက်ဆုံးမှုဖြစ်လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည်-

(က) ကုန်စည်တန်ဖိုးကြေညာလွှာပါ တန်ဖိုးငွေကိုဖြစ်စေ၊ ထိုသို့ ကြေညာထားခြင်းမရှိလျှင် ကုန်စည် လက်ခံရာနေရာရှိ ကာလတန်ဖိုးကိုဖြစ်စေ ပေးလျော်ရမည်။

(ခ) သယ်ယူပို့ဆောင်ခ၊ အကောက်ခွန်နှင့် အခြားကုန်ကျစရိတ်များအားလုံးကို ပြန်လည်ပေးလျော်ရ မည်။

၄၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်လွှဲပြောင်းပေးပို့ရာ၌ နှောင့်နှေးကြန့်ကြာမှု ရှိလျှင် ပေးလျော်ရမည့် ပမာဏမှာ သယ်ယူပို့ဆောင်ခထက် မပိုစေရ။

၄၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ခြင်းနှင့်စပ် လျဉ်း၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ ခရီးသည်နှင့် ကုန်စည်အပ်နှံသူတို့ လိုက်နာရမည့် တာဝန်များကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

## အခန်း(၁၀)

## အခကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း

၄၉။ ဝန်ကြီးဌာနသည် ကောက်ခံရမည့်အောက်ပါအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သ ဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ရမည်-

(က) လုပ်ငန်းလိုင်စင်ခနှင့် လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ခများ၊

(ခ) ခွင့်ပြုချက်အတွက် ဝန်ဆောင်မှု အခကြေးငွေများ၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ။

၅၀။ ဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ် တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဤဥပဒေအရ ပေးဆောင်ရမည့် အခ ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရ ကောက်ခံနိုင်သည်။

## အခန်း (၁၁)

## စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ခြင်း

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ် ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲ ရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအ တွက် လုပ်ငန်းလိုင်စင်ရရှိသူကဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ် ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကဖြစ်စေ လုပ်ငန်းလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်း ကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်း

Myanmar Law Information System (MLIS)

ကောင်း၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါတားမြစ် ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲ ရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင် ပယ်ဖျက်ခြင်း။

၅၃။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

## အခန်း (၁၂)
## အယူခံခြင်း

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုး မြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့ မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၅ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင် ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ဦးစီးဌာနက ပုဒ်မ ၅၂ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ်ချ မှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၈။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ် ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက် အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက ပုဒ်မ ၅၆ အရ အယူခံမှုတွင် ချမှတ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ် သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်းဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ နှင့် ပုဒ်မ ၅၉ တို့အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၁။ အယူခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

Myanmar Law Information System (MLIS)

## အခန်း (၁၃)

## တားမြစ်ချက်များ

၆၂။ မည်သူမျှ-

(က) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကို ဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင် ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့် အတွက်သော်လည်းကောင်း ဤဥပဒေအရထုတ်ပေး သည့် ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၃။ မည်သူမျှ လုပ်ငန်းလိုင်စင်ကိုဖြစ်စေ၊ ခွင့်ပြုချက်ကိုဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်သည့် စာတမ်း အမှတ်အသားများကို ဖြစ်စေ-

(က) ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အတုအပပြုလုပ်ခြင်း မပြုရ။

(ခ) သက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မှအပ အခြားနေရာများတွင် အသုံးမပြုရ။

၆၄။ မည်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမျှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင် ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်အား ခိုင်လုံသော အကြောင်းမရှိဘဲ-

(က) ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့် ခရီးစဉ်အတိုင်း မဟုတ်ဘဲ ပြောင်းလဲ၍ ပြေးဆွဲခြင်း မပြုရ။

(ခ) သတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် နောက်ကျ၍ ထွက်ခွာခြင်းမပြုရ။

၆၅။ မည်သူမျှ လုပ်ငန်းလိုင်စင် မရှိဘဲ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင် ခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ် ကိုင်ခြင်းမပြုရ။

၆၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများမှ တစ်ပါး လုပ်ငန်းလိုင်စင်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်းမပြုရ။

၆၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ဖျားနာသူများ၊ ဒဏ်ရာရသူများ သို့မဟုတ် သေဆုံးသူများကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ဖြင့် အရေးပေါ်သယ်ယူပို့ဆောင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်သူ များအား အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအ တွက် အစားအစာများ၊ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ကူညီခြင်းတို့နှင့် သက်ဆိုင် ခြင်းမရှိစေရ။

Myanmar Law Information System (MLIS)

## အခန်း (၁၄)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၈။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ခုနှစ်သိန်းမှ အ များဆုံး ကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများ ဆုံးကျပ် သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင် ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ခုနှစ်သိန်းမှ အများဆုံးကျပ် သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် နှစ်သိန်းမှ အများဆုံးကျပ် သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)

## စီရင်ပိုင်ခွင့်အာဏာ

၇၄။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်စည်ပျက်စီး ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်းဆို ခြင်းနှင့် စပ်လျဉ်း၍ တရားလို၏ဆန္ဒအရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ အောက်ဖော်ပြပါ နေရာဒေသတစ် ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်-

(က) ကုန်စည် စတင်သယ်ဆောင်သည့်နေရာဒေသ သို့မဟုတ် သွားရောက်သည့်ခရီးစဉ်အဆုံးနေရာဒေ သ၊

(ခ) ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို သိရှိလျှင် ထိုသို့သိရှိသည့်နေရာဒေသ၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ အဓိကပင်မစီးပွားရေးလုပ်ငန်းတည်ရှိရာနေရာဒေသ၊



Myanmar Law Information System (MLIS)

(ဃ) လျော်ကြေးတောင်းဆိုသည့် တရားလို အမြဲတမ်းနေထိုင်သည့်နေရာဒေသ၊

(င) ပုဒ်မခွဲ (က) မှ (ဃ) အထိပါရှိသော နေရာဒေသတစ်ခုခုအနက် တရားလိုနှင့် တရားပြိုင်တို့နှစ်ဦး သဘောတူသည့်နေရာဒေသ။

၇၅။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်စည်ပျက်စီး ခြင်း၊ ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်း ဆိုရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို တရားလိုနှင့် တရားပြိုင်တို့နှစ်ဦးသဘောတူလျှင် ပုဒ်မ ၇၄ ပါ နေရာဒေသတစ်ခုခုတွင် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းနိုင်သည်။

## အခန်း (၁၆)

## အထွေထွေ

၇၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဤဥပဒေအရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာ ပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတခုံသမာဓိရုံးတို့တွင် တရားစွဲ ဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပ ဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ် နည်းများ တစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။ ထိုသို့ သတ် မှတ်ထားခြင်းမရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၇၇။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်သော ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ဖြစ်စေ ဦးစီးဌာန၏ လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် နှင့် မြို့နယ်ဦးစီးဌာနတို့ကဖြစ်စေ ကောက်ခံ သော အခကြေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက် နှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၇၈။ ဤဥပဒေပါ လုပ်ငန်းလိုင်စင်ရယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများက အများပြည်သူအကျိုးငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ် ကိုင်ခြင်းနှင့် မသက်ဆိုင်စေရ။

၇၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူ ပို့ ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ပြည် ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သောချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၈၀။ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ် ငန်းကော်မတီတို့၏ ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံရ မည်။

၈၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အဖွဲ့ဝင်များသည် ဝန်ကြီးဌာ နက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သောချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈၂။ ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကုန်ကျစရိတ်အဝဝကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံရမည်။

၈၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ် ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာ ကြီးကြပ် ကွပ်ကဲရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၄။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင် ရေးလုပ်ငန်းများ ဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်သည် ယင်းသက်တမ်းကုန်ဆုံးသည့် နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး နိုင်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ အမျိုးသားကော်မတီ၊ ကုန်လမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ် ကဲရေးလုပ်ငန်းကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၈၇။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကို ဤ ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ
(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)